


# လဆွဲအားနဲ့မိန်းမ

ဝေမှူးသွင်

# အမှာ စာ
# (၁)

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်၊ ကျွန်တော်အသက်သုံးဆယ်လောက်က ပြည်ကိုရောက်သွားသည် ။ မိတ်ဆွေတစ်ဦးက ရွှေဆံတော်အနီး နဂါးလိန်းတန်းထဲမှ အိမ်တစ်အိမ်ကိုပြကာ ဗန်းမော်တင်အောင်နေသွားတဲ့ အိမ်ဟု ပြောသည် ။ လမ်းတစ်လမ်းကို ဖြတ်လျှောက်အသွားမှာ ကိုအောင်မင်းတို့ အိမ်ဟု ပြောသည် ။ ကျွန်တော်တို့ က ဒတ်ကြီးဟု ခေါ်သော သုခမိန်လှိုင်က ၇၀ ခုနှစ်ကာလ တစ်ဝိုက်ကပင် ကျွန်တော်နှင့် သူ ခင်မင်ခဲ့သည် ။ နောက် ကိုချော (မောင်ချောနွယ်)၊ ပြည်ကိုဒုတိယအကြိမ် ဖြတ်သန်းတော့ မင်းကြီးတောင်ပေါ်ရှိ သူ့အိမ်သို့ ခေါ်သွားကာ ထမင်းကျွေးသည် ။ နောက်တစ်ယောက်က ကိုတိုး(ငြိမ်းချမ်းအေး)၊ နောက်တော့ ရန်ကုန်ဆင်းလာတိုင်း ကျွန်တော့်ကို ဒုက္ခပေးတတ်သည့် ကိုဆန်နီ (ခေါ်) သန်းနိုင်ဦး(ငါးခူအိုင်)၊ နောက်တော့ ကိုဆွေ။ ပြည်က ကျွန်တော်နှင့် မစိမ်းပါ။ ကျွန်တော့်အမေကား ပြည်ဇာတိဖြစ်ကာ အရွယ်ရောက်သည် အထိ ပြည်လမ်းမတော်တွင် နေထိုင်ခဲ့ဖူးသူဖြစ်သည် ။ ပြည်အကြောင်းပြောသည် ။ ရွှေဆံတော်ဘုရားပွဲ၊ သုံးနှစ်တစ်ကြိမ်စွယ်တော်ပွဲ၊ ပြည်စာကျွေး၏။ ပြောင်းဖူးကြော်နှင့် ကြက်သားဟင်းပလာတာ။ ပြည်ကား ကျွန်တော်နှင့် အတော်ရေစက် ဆုံချင်ဟန်ရှိ၏။ မကြာမီက အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ယောက်ရောက်လာသည် ။ ဝေမှူးသွင်။ သူသည် ပြည်ကလာခဲ့ခြင်း ဖြစ်လေသ

ည် ။

(၂)

အရပ်ရှည်ရှည်၊ စကားကြောရှည်ရှည်၊ ခြေရှည်ရှည်ဖြင့် သူ မရောက်ဖူးသော ကဗျာဆရာ၊ စာရေးဆရာအိမ် ရှိမည် မထင်။ သူနှင့် မသိကျွမ်းသူက ခပ်ရှားရှား။ သူ့ ကဗျာတွေ၊ စာတွေ မဂ္ဂဇင်းထဲတွင် များများစားစား မပါရှိသေး။ သို့မဟုတ် ကျွန်တော့်အမြင်တွင် အမှတ်ထင်ထင် မရှိလှသေး။ သို့သော် သူ့အသက် နှစ်ပြန်နီးပါး စာရေးသက်ရှိသော ကျွန်တော့်ထက်ပင် သူကလူစုံတက်စုံ သိကျွမ်းပုံက ပိုနေပါသေးသည် ။ မင်းခိုက်စိုးစန်၊ တာရာမင်းဝေ၊ နေမျိုး၊ ပိုင်စိုးဝေ၊ ဇော်ဇော်အောင်၊ မြတ်သစ်၊ မောင်ချောနွယ်၊ မောင်ရန်ပိုင်၊ ထွန်းဝေမြင့်... စသည် ဖြင့်။ လူတွေသိသလောက်လည်း စကားတွေပြောနိုင်၏။ စီစဉ်ထားတဲ့ စာအုပ်တွေက မနည်း။ သူ့ဝတ္ထုတို ပေါင်းချုပ်အတွက် တာရာမင်းဝေကို အမှာ ရေးခိုင်းသည် ။ ကျွန်တော်တို့ အပါအဝင် သူထုတ်မည့် ဝတ္ထုတိုပေါင်းချုပ်အတွက် ဇော်ဇော်အောင်ကို အမှာ ရေးခိုင်းသည် ။ အခု ကျွန်တော့် အလှည့်။ သူ၏ မဂ္ဂဇင်းဝတ္ထုရှည်ပမာဏခန့်ရှိသော ဝတ္ထုလတ်လေးပုဒ် စုစည်းထုတ်ဝေခြင်းအတွက် အမှာ စာရေးပေးရန် ပြောသည် ။ ကျွန်တော် ငြင်းပယ်၍ မရ။

ကျွန်တော်တို့ က လူငယ်တွေကိုချစ်ခင်သည် ။ လူငယ်တွေကိုနေရာပေးချင်သည် ။ ကျွန်တော်တို့ မလုပ်နိုင်တာ မလုပ်ဖြစ်ခဲ့တာတွေ သူတို့ လုပ်နိုင်အောင် အားပေးအားမြှောက် ပြုချင်သည် ။ မြန်မာ့စာပေကမ္ဘာ့စာပေလောကကို ထိုးဖောက်ဝင်ရောက် လွှမ်းမိုးနိုင်ရေး။ မျိုးဆက်သစ်တို့ တာဝန်။ ကျွန်တော်တို့ က ဘာပံ့ပိုးပေးရမလဲ။ ၁၉၉၀ ခုနှစ် နောက်

ပိုင်းမှာ အားရကျေနပ်ဖွယ်ရာပင် တိုးတက်သော ကလောင်သစ်တွေ အဆက်မပြတ်ပေါက်ဖွားလာသည် ။ တချို့က ရွဲ့စောင်းသောအမြင်ဖြင့် ဆန့်ကျင်ကြသည် ။ သို့သော် ထိုဒီရေကို တက်မလာအောင် ဟန့်တားလို့ မရ။ မော်ဒန်နှင့် ပို့စ်မော်ဒန်စာပေ အယူအဆကိုကိုင်စွဲသော လူငယ်တွေ တစ်နေ့ထက်တစ်နေ့ များ ပြားလာခဲ့သည် ။ သူကား ထိုအထဲက တစ်ယောက်ပင် ဖြစ်သည် ။

သို့သော် သူ့ရှုးသွပ်မှုကို ကျွန်တော်သဘောကျ နှစ်ခြိုက်သည် ။ သူ့စွန့်လွှတ်မှုကို ကျွန်တော် သဘောကျနှစ်ခြိုက်သည် ။ တကယ်နေမည်ဆိုလျှင် သူသည် အဖိုးတန်အဝတ်အစားများ ဝတ်ကာ ညတိုင်း နိုက်ကလပ်တက်နေနိုင်လောက်သည် ။ ရေပေါ်ဆီ လူတန်းစား၏ ဓလေ့စရိုက်ကို သူ အားကျပုံ မရ။ သူသည် သူ အားကျသော နွမ်းပါးကျပ်တည်းသည့် အနုပညာအသိုင်းအဝိုင်းတွင် ကျင်လည်လှုပ်ရှားရခြင်းကိုသာ ပျော်မွေ့ဖွယ်ရာ မှတ်ထင်ယုံကြည်နေသူ ဖြစ်သည် ။

သူ့ဝတ္ထုတွေကို ကျွန်တော် အကဲဖြတ်စရာမလို။ အဘယ်ကြောင့် ဆိုသော် သူ့ကို အကဲဖြတ်ပြီးသောကြောင့် ဖြစ်သည် ။ သူသည် ကောက်ရိုးမီးတောက် အနေမဟုတ်ပဲ အနုပညာတွင် ရည်ရှည်စွဲမြဲလောင်မြိုက်မည့် သူဟု တွေးဆလက်ခံမိသည် ။ အနုပညာဆိုတာ ခရီးရှည်ချီတက်ပွဲဆိုတာ သူမျက်ခြည်မပြတ်လျှင် သူသည် တစ်နေ့တွင် ပန်းတိုင်သို့ ကောင်းကောင်း ရောက်မည့် သူဟု ကျွန်တော်ရဲဝံ့စွာ အာမခံနိုင်လေသည် ။

**လေးစားချစ်ခင်လျက်**

သစ္စာနီ

၂၁.၁.၉၉

*

# ကျွန်တော်နှင့် 97 အင်းလျားညများ

သင်သည် လူငယ်တစ်ယောက်ဖြစ်သည် ဆိုပါစို့။ အင်းလျားနှင့် ပတ်သက်သော အကြောင်းအရာတို့ ကို ရင်ခုန်သံချဲ့နိုင်သမျှ နားထောင်ချင်ကြမှာ ပဲ ဖြစ်သည် ။

အင်းလျားသည် နှစ်ရှည်လများ တည်ဆောက်ခဲ့ရသော ကျွန်တော့်အိပ်မက်. . .။ ထိုအိပ်မက်သည် အလယ်တန်းကျောင်းသား ဘဝလောက်ကတည်းက စတင်ခဲ့သော်လည်း ယနေ့တိုင် မဟောင်းမနွမ်း သစ်လွင်နေဆဲ။ အိပ်မက်တစ်ခုကို ကိုယ်တိုင်မက်ခွင့်ရအောင် အားထုတ်ခြင်းကို သတ္တိဟု ခေါ်ရန် သင့်ပါမည်လား။ ဒါမှ မဟုတ် ခေါ်ရန် မသင့်ဘူးလား။ ကျွန်တော် မသိ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သတ္တိရှိသူတစ်ယောက် ဖြစ်ချင်သည် ။ ကျွန်တော့်ဘဝမှာ ကြီးကျယ်ခမ်းနားခဲ့ဖူးသော အိပ်မက်တစ်ခုကို အနုပညာနဲ့ အတူမက်ဖို့ အခွင့်ကြုံလာ၏။ ထိုကာလသည် ၁၉၉၇ ခုနှစ်. . . ။ ၆ မိုင်ခွဲမှာ အဆောင်နေရင်း တက္ကသိုလ်တက်ရန် စောင့်ဆိုင်းရင်း၊ အနုပညာအားထုတ်မှုကို အရှိန်အဟုန်မြှင့်တင်ရင်း၊ အဆင်မပြေမှုတွေကို မိတ်ဆွေလုပ်ရင်း ပြက္ခဒိန်ကို ရဲဝံ့စွာဖြတ်သန်းခဲ့ရသည် ။

အဲ့ဒီအချိန်တွေမှာ ကိုယ့်ကိုယ်ကို အနုပညာအပေါ် ခံနိုင်ရည်စွမ်းအား ဘယ်လောက်ရှိတယ်ဆိုတာ ကျွန်တော် အစစ်အဆေးခံခဲ့၏။ အောင်မြင်သည် ဟု ဆိုရမည်။ အနုပညာနှင့် ပတ်သက်လို့ ကျွန်တော့်ရဲ့ လုပ်

ဆောင်ချက် အားလုံးကိုလည်း ဆိုးသည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ ကျွန်တော် နောင်တမရခဲ့ဖူးပါ။ အင်းလျားညများ စွာကို တူးဖော်ရင်း ကျွန်တော် အခါးသီးဆုံးဖြစ်ရပ်များကို ဆက်ဆံကြည့်ခဲ့၏။

ကျွန်တော့်ရဲ့ အနုပညာဘဝကို တစ်ဆစ်ချိုးပြောင်းလဲခဲ့ရသော အချိန်မျိုးလည်း ဖြစ်သည် ။ ဖမိုင်ခွဲမှာ အဆောင် ခုနှစ်ဆောင်တိတိ ကျွန်တော် ပြောင်းနေခဲ့ရ၏။ ထိုအဆောင်များ ၌ လည်း ကျွန်တော် ဝတ္ထု၊ ကဗျာများ စွာကို စမ်းသပ်ရေးသားခဲ့သည် ။ အဲဒီအချိန်တုန်းက ဝတ္ထုများ ၊ ကဗျာများ ပြီးလျှင် ကျွန်တော်နှင့် အရင်းနှီးဆုံးက အင်းလျားကန်ဘောင်ပေါ်က ညများ ...။ ထိုညများ ပေါ်တွင် ကျွန်တော် အရက် သောက်သည် ။ ဂစ်တာ တီးသည် ။ ကဗျာ ရေးသည် ။ ညလုံးပေါက် ထိုင်၍ ဘဝရှေ့ရေးကို စဉ်းစားခဲ့သည် ။

အခု ကျွန်တော်ရေးခဲ့ပြီးသော တချို့ဝတ္ထုများမှာ ထိုအင်းလျားညများ ပေါ်တွင် ထိုင်စဉ်းစားရင်းရခဲ့သော ဝတ္ထုများ ဖြစ်၏ ။ ကျွန်တော်နေသော အဆောင်များ နှင့် အင်းလျားကလည်း နီးသည် မဟုတ်လား။ အင်းလျားညတွေဆီက ကျွန်တော်သင်ယူခဲ့တာ မနည်း။ စကားလုံးများ စွာကိုလည်း အင်းလျားညတွေဆီက ကျွန်တော်သင်ယူခဲ့၏ ။ လူငယ်တစ်ယောက်ရဲ့ အနုပညာပြင်းထန်မှုကိုလည်း အင်းလျားညတွေပေါ်မှာ ကျွန်တော် မျှားယူခဲ့ရသည် ။

တကယ်တော့ အင်းလျားညတို့ မှာ ကျွန်တော့်ရဲ့ လူငယ်ဘဝ ဖြတ်သန်းမှုကို ပီပြင်လေးနက်အောင် ထမ်းဆောင်ခဲ့ခြင်းဟု ဆိုရမည်။ ကျွန်တော့် အနုပညာတည်ဆောက်မှု၌ အင်းလျားညများ စွာသည် မပါမဖြစ်ပါဝင်ခဲ့၏။ အင်းလျားညတွေပေါ်မှာ ပဲ ကျွန်တော် မိတ်ဆွေကောင်းများနှင့် လက်တွဲခဲ့သည် ။ မိတ်ဆွေဆိုးများကို လမ်းခွဲခဲ့သည် ။ ဘာကြောင့်

ပင် ဖြစ်စေ၊ ကျွန်တော် အင်းလျားညတွေကို အမှတ်တရ ရှိနေခဲ့ပါသည်
။

ယခုလည်း ကျွန်တော့် ဝတ္ထုလတ် လေးငါးပုဒ်ကို စုစည်းထုတ်ဝေရာ၌ ကျွန်တော့်တွင် အမှာ သဘောမျိုး ရေးရန် အခွင့်ကြုံလာ၏။ ဘာရေးရင်ကောင်းမလဲဟု စဉ်းစားနေစဉ်မှာ ပင် ကျွန်တော့် အာရုံတို့ မှာ လေ့ကျင့်မှုတစ်ခုကဲ့သို့ အင်းလျားညတွေပေါ် ဖျတ်ခနဲ ရောက်သွားသည် ။ ဒါကြောင့် ဒီအမှာ စာကို "ကျွန်တော်နှင့် ၉၇ အင်းလျား ညများ " ဟု ခေါင်းစဉ် တပ်လိုက်မိ၏။

ကျွန်တော့် ဝတ္ထုများ တွင် ညွှံ့ဖျင်းချွတ်ယွင်းခဲ့သည် များ ရှိသော် ကျွန်တော့်တစ်ယောက်ထဲမှာ သာ တာဝန်ရှိပြီး၊ တခြားအကြောင်းပြချက်များ မရှိကြောင်း အသိပေးအပ်ပါသည် ။

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်သုံးသပ်မိသလောက် လူသားတစ်ယောက်အနေဖြင့် ဖြစ်တည်မှုများအားလုံးတွင် အနုပညာတစ်ခုသာ ကျွန်တော့်အတွက် ဖွံ့ဖြိုးရှုရာသည် ။ ဝမ်းနည်းစရာပင်။ ဒါပေမယ့် ကျွန်တော် ထူးပြီးဝမ်းမနည်းဖြစ်ခဲ့။ ကိုယ့်မှာ ရှိသလောက် ဖွံ့ဖြိုးသလောက်နဲ့ ပဲ အနုပညာလောကထဲကို ဇွတ်အတင်းတိုးဝင်ခဲ့၏။ ကျွန်တော့်ဘဝကို သိပ်အများကြီးလည်း မျှော်လင့်မထားပါဘူး။ တစ်ခုပဲ။ အဲဒါ အနုပညာ...။ အဲဒါနဲ့ ပတ်သက်လို့ လည်း ကိုယ့်ကိုယ်ကို မေးခွန်းနှစ်ခု ပြန်မေးမိသည် ။

အနုပညာလုပ်မှာ သေချာလား!

အနုပညာရှိတာ သေချာလား!

အဲဒီနှစ်ခု သေချာရင် အားလုံးကိုထားခဲ့။ အမေ့အိမ်ဆိုတာကို ထားခဲ့ ။ ဂုဏ်ဒြပ်တွေကို ထားခဲ့၊ ဓိမ်ခံပစ္စည်းတွေ၊ အဆင်ပြေမှု၊ ထမင်းပူပူနွေး

နွေး၊ အများကြီးပဲ။ ကျွန်တော် ထားရစ်ခဲ့သည် ။ ကျွန်တော့်ကို ချစ်သော ကျွန်တော်က ချစ်သော မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းများ ၏ တားမြစ်ရှုတ်ချမှုများကိုလည်း ကျွန်တော် တည်ဆောက်မှုတွင် အသံများ အဖြစ် ပါဝင်စေခဲ့သည် ။ ထိုအသံတွေကို အင်းလျားညတွေပေါ်မှာ ပဲ ကျွန်တော် ပြန်ကြားယောင် နေမိတတ်သည် ။

ဟုတ်ကဲ့...။ ကျွန်တော် ဝေမှုံးသွင်က အားလုံးကို THANKS ပါ။

လေးနက်မှုတစ်ခုအနေဖြင့် ကျွန်တော့်ကို စာတွေအများကြီးရေးဖြစ်၊ ဖတ်ဖြစ်အောင် တိုက်တွန်းအားပေးခဲ့တဲ့ ဆရာဇော် (ဇော်ဇော်အောင်)၊ (ကို) မင်းခိုက်စိုးစန်တို့ ကိုလည်း ဒီနေရာကနေ ကျေးဇူးစကား ဆိုပါရစေ ။ အထူးသဖြင့် ဒီစာအုပ်အတွက် အမှာ စာကို ရေးသား ချီးမြှင့်ပေးပြီး စာပေအယူအဆနှင့် ပတ်သက်လို့ ကျွန်တော် လေးစားရပါသော ကိုရဲ (ဆရာသစ္စာနီ)၊ အခြားသော ကျေးဇူးတင်သင့်သည့် စာရေးဖော် မိတ်ဆွေများ ၊ စာမရေးသည့် မိတ်ဆွေများ ၊ အားလုံးကိုလည်း ကျွန်တော် ကျေးဇူးတင်လိုက်ရပါသည် ။

**ဝေမှုံးသွင်**

*